**တရုတ်သမ္မတ ဟူကျင်တောင့် *ထံသို့ အိတ်ဖွင့်ပေးစာ***

***မြန်မာနိုင်ငံတွင်း တရုတ်နိုင်ငံက တည်ဆောက်နေသော မြစ်ဆုံရေကာတာကြောင့် ကျေးရွာများ အဖျက်ဆီးခံနေခြင်းများ ရပ်တန့်ရန်အတွက် တရုပ်နိုင်ငံအား မေတ္တာရပ်ခံ တောင်းဆိုခြင်း***

၂၀၁၀ ခုနှစ် မေလ (၂၇) ရက်

သမ္မတကြီး ဟူကျင်တောင့်
Zhongnanhai, Xichengqu၊ ဘေဂျင်း
တရုတ်ပြည်သူ့သမ္မတနိုင်ငံ
မိတ္တူ – မစ္စတာ လူကီဇောင်
ဥက္ကဌ၊ တရုတ်နိုင်ငံစွမ်းအင်ရင်းနှီးမြှုပ်နှံမှုကော်ပိုရေးရှင်း (CPI)

**သမ္မတကြီး ဟူ ထံ**

တရုတ်နိုင်ငံတော်ပိုင် တရုတ်နိုင်ငံစွမ်းအင်ရင်းနှီးမြှုပ်နှံမှုကော်ပိုရေးရှင်း (CPI) က မြစ်ဆုံရေကာတာ စီမံကိန်းကို ဆန့်ကျင်ကန့်ကွက်သော ကျေးရွာများအား အတင်းအကြပ်ပြောင်းရွှေ့ခြင်း၊ ဖျက်ဆီးခြင်းများ ပြုလုပ်နေခြင်းကို ချက်ချင်းရပ်တန့်ပေးပါရန် ကချင်ပြည်နယ်တွင်း ဆောက်နေသော မြစ်ဆုံရေကာတာ စီမံကိန်းကြောင့် အတိဒုက္ခရောက်နေသည့် ပြည်သူလူထုကိုယ်စား ကျွန်ုပ်တို့မှ အသနားခံစာ တင်လိုပါသည်။ ၎င်း ရေကာတာတည်ဆောက်ခြင်းသည် ဒေသခံပြည်သူများ၏ စိတ်ဆန္ဒနှင့် လုံးဝဆန့်ကျင်ရုံသာမက တရုတ်နိုင်ငံ၏ ရေကာတာဆောက်ခြင်းလုပ်ငန်းဆိုင်ရာ လမ်းညွှန်ချက်များနှင့် နိုင်ငံတကာစံချိန်စံညွှန်းများကိုပါ ဖောက်ဖျက်နေကြောင်း သိစေအပ်ပါသည်။

မကြာသေးမီက မြန်မာစစ်အစိုးရသည် ကျွန်ုပ်တို့၏ ကချင်မြို့တော် မြစ်ကြီးနားမှ အရပ်သား တစ်ထောင်ကျော်အား ရေကာတာတည်ဆောက်သည့်လုပ်ကွက်၏ အဓိကကျေးရွာတရွာဖြစ်သော တန်ဖရဲကျေးရွာ၌ မှီတင်းနေထိုင်သူ အားလုံး ၂၀၁၀ ခုနှစ် မေလ မကုန်မီ အတင်းအကြပ်ရွှေ့ပြောင်းပစ်ရန် အမိန့်ပေးခဲ့သည်။ အကယ်၍ ကျေးရွာသူရွာသားများက ပြောင်းရွှေ့ရန် ငြင်းဆန်ပါက ထိုတန်ဖရဲကျေးရွာရှိ အိမ်များ၊ စာသင်ကျောင်းများနှင့် ဘုရားရှိခိုးကျောင်းများကို ချက်ချင်းတစမကျန် ဖျက်ဆီးပစ်ရမည်ဟုလည်း အဆိုပါ အရပ်သားပြည်သူများအား အမိန့်ပေးခဲ့သည်။

ဤ တန်ဖရဲကျေးရွာသူရွာသားများသည် ၎င်းတို့၏ အိုးအိမ်များ၊ စိုက်ခင်းများအား စွန့်ခွာရမည် ဆိုသည့် တရားမဝင် အမိန့်များကို ငြိမ်းချမ်းစွာ အန်တုနေခဲ့ကြသော ရဲစွမ်းသတ္တိရှင်များဖြစ်ကြောင်း သိစေလိုပါသည်။ ၎င်းတို့သည် သူတို့ပိုင် မြေယာများကို အကာအကွယ်ပေးနေသည်သာမက ကချင်ပြည်နယ်၏ တန်ဘိုး အနဂ္ဃ အထိုက်တန်ဆုံး ယဉ်ကျေးမှု မှတ်ကျောက်တိုင်ဖြစ်သည့် မြစ်ဆုံဒေသနှင့် မြန်မာနိုင်ငံ၏ အဓိက ရေလမ်းကြောင်းဖြစ်သော ဧရာဝတီမြစ်ကိုပါ အကာအကွယ်ပေးနေသူများဖြစ်ကြ ပါသည်။

အကယ်၍ ဤရေကာတာဆောက်ခြင်းလုပ်ငန်းကို ဆက်လက်လုပ်ဆောင်သွားမည်ဆိုပါက မြစ်အထက်ပိုင်းနေ ကျေးရွာသူရွာသားပေါင်း တစ်သောင်းခွဲ (၁၅၀၀၀) ၎င်းတို့၏ အိုးအိမ်များ ဆုံးရှုံးကြပါမည်။ ၎င်းအပြင် မြစ်အောက်ပိုင်း ရေတည်ရှိမှု နိမ့်ကျသွားမည်ဖြစ်၍ ငါးဖမ်းလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ သဘောင်ဖြင့် ခရီးသွားလာရေးလုပ်ငန်းနှင့် အခြားအရေးကြီးသော စီးပွားရေးလုပ်ငန်းများကိုပါ ထိခိုက်နိုင်သောကြောင့် မြစ်အောက်ပိုင်းနေ ပြည်သူလူထု သန်းပေါင်းများစွာကိုလည်း ထိခိုက်မှုရှိမည်ဖြစ်သည်။ ရေကာတာမှ ရရှိမည့် အမြတ်အစွန်းအားလုံးမှာ မြန်မာစစ်အစိုးရကိုသာ ပို၍ ချမ်းသာကြွယ်ဝစေကာ သင့် တိုင်းပြည်၌ လျှပ်စစ်ဓါတ်အား ရရှိမည်ဖြစ်သည်။

ကချင်ပြည်နယ်သားများအား တန်ဖရဲကျေးရွာကို အတင်းအကျပ် ဖျက်ဆီးခိုင်းခြင်းအားဖြင့် မြန်မာ စစ်အစိုးရသည် ရက်ရက်စက်စက် ကျွန်ုပ်တို့ပြည်သူများအား အတင်းအကျပ် ၎င်းတို့၏ ရိုးရာအမွေအနှစ်နှင့် စီးပွားရေးအသက်သွေးကြောကို ဖျက်ဆီးခိုင်းနေသည်။ ၎င်းတို့ပိုင်မြေယာများကို ငြိမ်းချမ်းစွာကာကွယ်နေသော ပြည်သူများအား စစ်အစိုးရက အစုလိုက် အပြုံလိုက် ပြစ်ဒဏ်ပေးနေသော ဤအစွန်းရောက်လုပ်ရပ်တခုတွင် တရုတ်နိုင်ငံအနေဖြင့် ပါဝင် ပတ်သက်ရန် မသင့်ပေ။

ဤမြစ်ဆုံရေကာတာဆောက်ရာ၌ CPI အနေဖြင့် ၎င်းတို့ချမှတ်ထားသော ကော်ပိုရေးရှင်း၏လူမှုရေး တာဝန်ဝတ္တရား စံသတ်မှတ်ချက်များကိုသာမက တရုတ်နိုင်ငံ၏နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ အားပေးခြင်းနှင့် စည်းကမ်းသတ်မှတ်ချက် မူဝါဒ (၉) ချက်အား လိုက်နာရန် မဖြစ်နိုင်သောကြောင့် ရေကာတာစီမံကိန်းကို ရပ်တန့်ပေးရန်အတွက် CPI သို့ ကျွန်ုပ်တို့မှ မေတ္တာရပ်ခံစာများ အကြိမ်ကြိမ်ပေးပို့ခဲ့သည်။

မြန်မာစစ်အစိုးရ၏ တန်ဖရဲကျေးရွာအား ဖျက်ဆီးရန် အမိန့်ပေးခဲ့ခြင်းကို ကြည့်ခြင်းအားဖြင့် တရုတ်နိုင်ငံ၏ ဥပဒေများ၊ စံသတ်မှတ်ချက်များနှင့်အညီ ဤရေကာတာအား တည်ဆောက်နိုင်ခြင်း မရှိကြောင်း ထပ်မံ သက်သေပြလိုက်ခြင်းဖြစ်သည်။

သို့ပါ၍ မြစ်ဆုံရေကာတာတည်ဆောက်ခြင်းကို ရပ်တန့်ပေးပါရန် ကျွန်ုပ်တို့မှ တရုတ်နိုင်ငံအား အသနားခံစာ တင် လိုက်ပါသည်။

လေးစားစွာဖြင့်
ကချင်လူမှု ဖွံ့ဖြိုးရေးကွန်ယက်အဖွဲ့

KDNG

ဆက်သွယ်ရန် –(၆၆) ၈၄၈၈၅၄၁၅၄

အီးမေးလ် – kdngchn@gmail.com